Myanmar Child Protection AoR

## ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ /အဓိကမှတ်သားဖွယ်ရာများ ( အကြမ်း )

| | | ဆိုင်ကလုန်း |
|---|---|---|
| (၁)ရက် အလို | **ဦးစားပေး** (၁) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။** ။ ဆိုင်ကလုန်းအတွင်း မိသားစုများတကွဲတပြားဖြစ်သွား တတ်သည်။ အသက်ပိုကြီးသော မိမိတို့၏ကလေးများကို မိမိတို့မိသားစုအမည်နှင့်ရပ်ရွာအမည်များ ကို သိရှိ အောင်သင်ကြားပေးပါ။ လူမမယ်ကလေးငယ်များနှင့် ငယ်ရွယ် သော သူကလေးငယ်များ၏ လက်ကောက် ဝတ်များ၌ အထက်ပါသ တင်းအချက်အလက်များပါရှိသော လက်ပတ်များကိုပတ်ထားပေးပါ။ ဤသို့ပြုလုပ် ခြင်းဖြင့် အကယ်၍ မိမိနှင့် ကလေးတကွဲစီဖြစ်သွားပါက ပြန်လည်ပေါင်းစည်းရာ၌ အကူအညီဖြစ်စေပါ သည်။ |
| | **ဦးစားပေး** (၂) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။** ။ ကလေးသူငယ် များအနေဖြင့် ၎င်းတို့၏ မိသားစုနှင့် အတူရှိနေခြင်းမှာ လုံခြုံမှုရှိပါ သည်။ မိမိ၏ ကလေးငယ်များအားလုံး နှင့်အတူရှိနေပြီး ၎င်းတို့နှင့် အတူ ရွှေ့ပြောင်းပါ။ မည်သည့် ကလေးငယ်ကိုမှ ချန်မထားခဲ့ပါနှင့်။ ဤသို့ပြုလုပ်ခြင်းဖြင့် မိမိ၏ကလေးများအားဘေးအန္တရာယ်ကျ ရောက်မှုမှ လုံခြုံစေနိုင်ပါ သည်။ |
| | **ဦးစားပေး** (၃) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။** ။ ရေမျက်နှာပြင်မြင့် တက်လာနိုင်ပါသည်။ အကယ်၍ရေတက်မှု နှုန်းမြန်ဆန်လာ ပါကမိမိ ၌ရှိသောဂျာရီလံဆန့်ရေနံဆီပုံး၊ ဓါတ်ဆီပုံးအရွယ်ပုံးများ အားအလွတ် ဖြစ် အောင်ပြုလုပ် ပြီး ကလေးငယ်များအား ၎င်းတို့ကို စီးနင်းဖက် တွယ်၍ရေပေါ်၌ဖော့၍နေတတ်အောင် သင်ကြားပေးပါ။ ဤသို့ ပြုလုပ် ခြင်း က မိမိ၏ကလေးငယ်များကို လုံခြုံမှုရှိအောင်ကူညီပေးပါသည်။ |
| | **ဦးစားပေး** (၄) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။** ။ ဆိုင်ကလုံးအတွင်း မိသားစု များတကွဲစီဖြစ်သွားတတ်သည်။ အကယ်၍ တကွဲစီဖြစ် သွား ပါက ပြန်လည်ပေါင်း စည်းမှုအတွက် အဆင် ပြေစေရန် မိသားစုဝင် များအားလုံးနှင့် စုရပ်ကို ညှိနှိုင်း သဘောတူထားပါ။၎င်းစုရပ် သည် အားလုံးက သိရှိပြီး သက်တောင့်သက်သာရှိစေသော နေရာဖြစ်ရပါ မည်။ဤအချက်က မိမိ၏မိသားစု အား ပြန်လည်ပေါင်းစည်းရေး၌ ကူညီပေးပါလိမ့်မည်။ |
| 1 day after | **ဦးစားပေး** (၁) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။ မိသားစုနှင့်အတူ ရှိနေခြင်းကကလေးများအားလုံခြုံမှုရှိစေ ပါသည်။** |
| | | **ကလေးများမှတ်သားရန်။** ။ အကယ်၍ ကလေးများ မိသားစုနှင့်ကွဲကွာသွားပါက မိမိနှင့်ရင်းနှီးသူကိုရှာဖွေပြီးအကူအညီတောင်းရန် ပြောထားပါ။ |
| | | **လူတိုင်းအတွက်။** ။ မိသားစုနှင့်အတူရှိနေခြင်းက ကလေးများ အား လုံခြုံမှုရှိစေပါသည်။ အကယ်၍မိသားစုပျောက်နေပုံပေါ်သော ကလေးတစ်ဦးအား တွေ့ရှိပါက ၎င်း၏ မိသားစု ဘယ်မှာရှိသလဲမေးပါ။ အနီး အနားရှိ လူများထံမှ မိသားစုနှင့် ပတ်သက်သည့် သတင်းကိုရ ယူပါ။ ကလေး၏ လုံခြုံမှုအတွက်စိုးရိမ်ရသော အခြေအနေဖြစ် ပေါ်မှသာလျှင် (သို့မဟုတ်) ကလေးမှာ မိသားစုနှင့်ကွဲကွာနေကြောင်း သေချာသည့်အခါမှ သာလျှင် ကလေး ငယ်အား ၎င်းကိုတွေ့သည့် အရပ်မှ တခြားနေရာသို့ရွှေ့ပြောင်းပါ။ |
| | **ဦးစားပေး** (၂) | **စောင့်ရှောက်တာဝန်ယူသူများအတွက်။** ။ ကလေးများအားလုံး လုံခြုံမှုရှိစေရန်နှင့် ဘေးအန္တရာယ်မှ အကောင်းဆုံးအကာအကွယ်ပေး ရန်အတွက်ဆိုလျှင် ၎င်းတို့၏မိဘများကိုယ်တိုင်သို့မဟုတ် စိတ်ချယုံ ကြည်ရသောစောင့်ရှောက်တာဝန်ယူသူများက ထိမ်းသိမ်းစောင့် ရှောက်ပေးခြင်းမှာ အကောင်းဆုံးဖြစ်သည်။ လုံခြုံမှုရှိသည့် အခါတိုင်း ၌အပျိုဖော်၊ လူပျိုဖော်ဝင်စ မိန်းကလေး၊ ယောကျာ်းကလေး များအပါ အဝင်မိမိ၏ ကလေးများအား လုံးကို မိမိနှင့် အတူရှိနေပါစေ။ အကယ်၍ မိမိက၎င်းတို့နှင့် အတူရှိမနေနိုင်ပါက ၎င်းတို့အား မိမိက သိရှိပြီး စိတ်ချရသူတစ်ဦးဦးထံ၌အပ် ထားပါ။ ဤသို့ပြုလုပ် ချက်က ကလေးများအားအန္တရာယ်မှလုံခြုံစေရေးတွင်ကူညီ ပေးပါ သည်။ |

| | | |
|---|---|---|
| | | **ကလေးများမှတ်သားရန်။** ။ အထူးသဖြင့် ညအချိန်၌ တစ်ဦး တည်းလျှောက်မသွားပါနှင့်။ ရေခပ်သည့် အခါထင်း ကောက် သည့် အခါ၊ အစားအသောက်သွားဂယ် သည့် အခါများ၌ မိမိသိရှိပြီး ယုံကြည်ရသူတစ်ဦးနှင့် အတူသွားပါ။ အလင်းရောင်ကောင်း မွန်သော လမ်းများကိုသာ ကြိုးစား၍အသုံးပြုပါ။ မိမိဘယ်သွားမည်။ ဘယ် အချိန်ပြန်ရောက်မည်ကို တစ်ယောက်ယောက်အား အမြဲပြောခဲ့ပါ။ |
| | **ဦးစားပေး**<br>(၃) | **ကလေးများမှတ်သားရန်။** ။ မုန်တိုင်းကြီးကြောင့်မိမိယခင်က သိရှိခဲ့သော နေရာဒေသမှာ ပြောင်းလဲသွားပြီဖြစ်ပြီးမိမိသိထား သော အချို့နေရာဒေသများမှာ အန္တရာယ်ရှိနေနိုင်ပါသည်။ရေလွှမ်းနေသည့် နေရာကို ရှောင်ပါ။ ရေကြီးမှုကြောင့် ဖြစ်ပေါ်လာသော ရေထဲ၌ လမ်းမ လျှောက်ပါနှင့်၊ မကစားပါနှင့်၊ ရေမကူးပါနှင့်၊ ၄င်း ရေကိုလဲ မသောက် ပါနှင့်။ ဓါတ်ကြိုးများနှင့် ပလပ်ပေါက်များမှ ခပ်ဝေးဝေးနေပါ။ ဤအ ချက်များကို မှတ်သား ထားပြီး မိမိ၏သူငယ်ချင်းများအားဘေးကင်းစေ ရန် တဆင့်ပြန်ပြောပြပါ။ |
| 1 week after | Priority 1 | **စောင့်ရှောက်တာဂန်ယူသူများအတွက်။** ။အချို့သူများ၌စိတ် ကောင်းစေတနာမရှိကြပါ။မိမိ၏ကလေးများ ၌အမြတ်ထုတ်ခံရမှု အန္တရာယ်နှင့်နာကျင်ထိခိုက်မှုခံရမည့်အန္တရာယ်ရှိနေနိုင်ပါသည်။အလုပ်အကိုင်၊ အစားအစာ၊ခိုလှုံစရာနေရာ၊ ဆေးဝါးနှင့် ငွေကြေးပေးမည် ဟုပြော၍ ကလေးများကို လုံခြုံမှုရှိသော နေရာများမှ ဖြစ်စေ၊ ၄င်းတို့နှင့် ရင်းနှီးသူများထံမှ ဖြစ်စေ၊ အခြားတပါးသို့ခေါ် သွား ရန် ကြိုးစားသူများရှိတတ်ကြောင်း၊ မိမိ၏ ကလေးများအားပြောထား ပါ။ ဤအချက်က မိမိ၏ကလေးများအား ဘေးကင်းလုံးခြုံစေအောင် ကူ ညီပါသည်။ |
| | | **ကလေးများမှတ်သားရန်။** ။ မိမိဆုံတွေ့ရလာသော သူစိမ်းအချို့ ၌ စိတ် ထားမကောင်းသူများပါရှိလာ နိုင်သည်။ အကယ်၍ အခြား သူ များက မိမိကိုဖြစ်စေ မိမိနှင့်တရပ်ထဲနေသည့် (သို့) တိုင်းတပါး၌နေ သည့် သူ ငယ်ချင်းများကိုဖြစ်စေ အလုပ်ကောင်းကောင်းပေးမည်၊ ပညာကောင်း ကောင်းသင်ပေးမည်သို့မဟုတ် ကြည့်ရှုစောင့် ရှောက် ပေး မည်ဟု ပြော ဆိုလာပါက ၄င်းပုဂ္ဂိုလ်များမှာ ၄င်းတို့ပြောသည့် အတိုင်းလုပ်ပေးမည့် အစားမိမိကိုသာနာကျင်အောင် ပြုလုပ်လာနိုင် ကြောင်းမှတ်ထားပါ။ မိမိနှင့် မိမိ၏ သူငယ်ချင်းများကို ဘေးကင်း လုံ ခြုံအောင်ထားရှိပြီး မိမိ၏ မိဘသို့မဟုတ် မိသားစုနှင့် ပြောဆိုဆွေး နွေးပါ။ |
| | Priority 2 | **လူတိုင်းအတွက်။** ။ ကြီးမားသော မုန်တိုင်းဒဏ်ကြောင့် သောကရောက်မှုကို အသက်အရွယ်မရွေး လူတိုင်း၌သမရိုးကျခံစား ကြရလေ့ရှိပါသည်။ မိသားစုနှင့် သူငယ်ချင်းများအားအချိန် ပေးခြင်း ဖြင့်လည်း ကောင်း၊ ၄င်းတို့၏စိတ်ခံစားချက်များကို ဖွင့်ထုတ်ပြောဆို စေခြင်းဖြင့်လည်းကောင်း၊နေ့စဉ်လုပ်ငန်းဆောင် တာများကိုပြန် လည် လုပ်ကိုင် ခြင်းဖြင့်လည်းကောင်း၊ ယင်း သောကဖြစ်ဖွယ်ခံစား ချက် များနှင့်အခြေအနေ များ အားကျော်လွှားနိုင်အောင်တစ်ဦး နှင့်တစ် ဦးဖေးမကူညီပေးနိုင်ပါသည်။ ယင်းချိန်၌ကလေးများမှာ အထူး ဂရု စိုက်မှု၊ ပြုစုစောင့်ရှောက်မှုနှင့် အကူအညီများ လိုအပ်နေ တတ်ပါ သည်။ ပိုမို၍စောင့်ရှောက်ပေးခြင်း၊ နှစ်သိမ့်ပြော ဆိုပေးခြင်း၊ ကြင်နာ မှုပြသခြင်းတို့က ၄င်းတို့အား ဤ အကျပ်အတည်းကို ရင်ဆိုင်နိုင်ရန် အကူ အညီဖြစ်စေပါသည်။ |
| | Priority 3 | **စောင့်ရှောက်တာဂန်ယူသူများအတွက်။** ။ သဘာဂဘေး အန္တရယ်ကျရောက်ပြီးချိန်၌ ကလေးများအားပုံ မှန်လုပ် ရိုးလုပ်စဉ်ကိစ္စ၊ တာဂန်များကို ပြန်လည်လုပ်ကိုင်စေရန်မှာ အရေးကြီးပါသည်။ မကြာ ခဏပင်ကလေး များသည် စိန်ခေါ် သည့်သဘောပါသော၊ မနာခံသော အပြုအမူများကို ပြုလုပ်၍၄င်းတို့၏ သောက ရောက်မှု များကို ပြသ လေ့ရှိသည်။ အပြစ်ပေးဒဏ်ပေးခြင်းများကို ရှောင်ကျဉ်ပါ။ ၄င်းအစား၊ ကလေးငယ်များကို ပိုမို၍ အားပေးစကားပြောကြားပြီးချစ်ခင်ယုယမှု ပြသပါ။ |
| | Priority 4 | **စောင့်ရှောက်တာဂန်ယူသူများအတွက်။** ။ အကယ်၍မိမိကမိမိ၏ ကလေးကိုအစားအသောက်နှင့်အခြား အကူ အညီပစ္စည်းများအား ဖြန့် ဝေရေးဌာနများမှ သွားရောက်ယူငင်ခိုင်းပါ ကတစ်ယောက်တည်းမသွား စေပါ နှင့်။ ၄င်းတို့ဘေးကင်းလုံခြုံ စေရန် အတွက်လူကြီးတစ်ဦးအား အဖော်အဖြစ်ထည့် ပေးလိုက်ပါ။ |


**Sources used:** Global Child Protection Working Group Messages Prepared to respond to Ebola Crisis, September 2014

IFRC, Public awareness and public eduaction for disaster risk reduction: Key Messages, 2012

Communicating with Disaster Affected Communities (CDAC) Message Library

Amani Campaign - Inter-agency child protection and GBV campaign, Jordan, April 2014

Draft UNICEF Child Protection in Emergency Communication Quick Guide